
# ဂျီကော်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

1005026
800.00 KS
mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ဂျိုဇော်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၆၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

## ဂျိုဇော်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အသွားခက်သည့်ခရီး | ၁ |
| ၂။ | ကျင်းပျောက်သူ | ၁၅ |
| ၃။ | မြူခြေဆိုင်းတဲ့ သမိုင်း | ၂၅ |
| ၄။ | ကောင်းကင်မိုးဝယ် မင်ပင်လယ် | ၄၀ |
| ၅။ | မြေကြီးက ရယ်လိမ့်မယ် | ၅၀ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# အသွားခက်သည့်ခရီး

နှင်းတွေက ပိန်းပိတ်အောင် ကျနေသည်။ ရှေ့ကိုက်ငါးဆယ် လောက်ကိုပင် ကောင်းကောင်းမမြင်ရ။ မြောက်ပြန်လေကလည်း တသုန်သုန် ဝှေ့နေ၏။ ည ၉ နာရီကျော်ခါစပင် ရှိသေး။ မင်္ဂလာ လမ်းခေါ် ၇၃ လမ်းပေါ်မှာ လူသွားလူလာ မရှိပြီ။ ကျွန်တော်တို့ အုပ်စု အောင်ဆန်းဆောင်မှ ထွက်လာကတည်းက ကားတစ်စီးတလေ မျှ ဖြတ်သွားဖြတ်လာ မရှိ။ လမ်းလယ်ကောင်မှာ အော်ဟစ်ငြင်းခုံ ရင်း၊ သီချင်းတွေ အော်ဆိုရင်း လျှောက်လာကြရာ မင်္ဂလာဈေးနား ရောက်မှ လူစသူစ မြင်ရသည်။ လမ်း ၃၀ ဘက်သို့ ချိုးကွေ့သွား သော မြင်းလှည်းသံ တခွပ်ခွပ်ကို ကြားရသည်။ ဆေးရုံကြီးသို့ သွား သည့် မွေးလူနာ မြင်းလှည်းလား။ တီဘီဇုန် ၂ ရှေ့က မြင်းလှည်းဂိတ် မှာ မြင်းလှည်းသမားတစ်စု မီးလှုံနေကြသည်။ မီးတောက်ကို မမြင် ရ။ နှင်းတွေ မီးခိုးတွေကြားထဲမှာ ဆေးလိပ်မီးတရဲရဲသာ မြင်နေရ သည်။ ကျွန်တော်တို့ထဲက နှစ်ယောက်၊ 'အေးစန်း' လက်ဖက်ရည် ဆိုင်မှာ ကျန်ရစ်သည်။ ကျန်သူတွေ မင်္ဂလာဈေးရှေ့က အသုပ်ဆိုင်

mgyoe.com

mgyoe.com


ထိ ချီတက်ကြမည်။

"အဲဒီတုန်းက အသုပ်တစ်ပွဲမှ တစ်ကျပ်ခွဲနော်"

ဒေါက်တာကျော်ကျော်စိုးက ဘဲကင်ကို တူဖြင့်ညှပ်ရင်း လှမ်းမေးသည်။

"တစ်ကျပ်ခွဲလား၊ နှစ်ကျပ်လား မမှတ်မိတော့ပါဘူးကွာ။ ၇၈၊ ၇၉ ဝန်းကျင်လောက်ကဆိုတော့ နှစ်အစိတ်တောင် ရှိပြီ။ ငါတို့ 2nd MB လောက်ကလေ"

ကျွန်တော်က သောက်လက်စ ဘီယာခွက်ကို ငေးကြည့်ရင်း ဖြေလိုက်သည်။

"အံမာ အဲဒီတစ်ကျပ်တန် ၂ ပွဲကို လူ ၅ ယောက်လောက် ပိုက်ဆံစုထည့်ပြီးမှ စားရတာနော်။ အဆောင်က ထမင်းတွေ ယူထားပြီး ညလူရှင်းချိန်ကျမှ သွားစားကြတာလေ။ ဟား... ဟား... ဟား..." ဒေါက်တာခင်မောင်အေးက တဟားဟားရယ်ရင်း ဖြည့်စွက်သည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် 'ရွှေဘဲ' မှာ ထိုင်ရင်း ဘီယာနှင့် ဘဲကင်ကို မြည်းကာ ဆေးကျောင်းသားဘဝ အတိတ်က ချို့တဲ့ခဲ့ကြပုံကလေးများကို စားမြုံ့ပြန်နေကြခြင်း ဖြစ်၏။

ခင်မောင်အေး ပြောသလိုပဲ ကျွန်တော်တို့သူငယ်ချင်း အားလုံး လိုလိုပင် ဖောဖောသီသီ မသုံးစွဲနိုင်ကြပါ။ အဆောင်ထမင်းကို ညနေ ၅ နာရီလောက်က စားထားတာဆိုတော့ ည ၉ နာရီလောက်ဆို အူ တကြွတ်ကြွတ် ဖြစ်ကုန်ကြပြီ။ ပြား ၆၀ တန် လက်ဖက်ရည်တစ်ခွက် ဖြင့် မတင်းတိမ်။ ၃ ကျပ်တန် ဆီချက်ခေါက်ဆွဲတို့၊ ထမင်းပေါင်း တို့ကိုလည်း အမြဲတစေ မစားနိုင်။ သည်တော့ ညနေကတည်းက အဆောင်ထမင်းကို ချိုင့်နဲ့ယူထား။ သူငယ်ချင်းခြောက်ယောက်လောက် ငါးမူး၊ ပြား ၆၀ စီစုပြီး အသုပ်သုံးပွဲလောက်ဝယ်၊ ထမင်းနှင့်စားကြ

mgyoe.com

mgyoe.com


သည်။ ဆောင်းညချမ်းချမ်းမှာ ရေနွေးကြမ်းပူပူ၊ ငရုတ်သီး ရှူးရှူး ရှဲရှဲနှင့် စားကြ၊ လေပန်းကြ။ ပြီးတော့ အဆောင်ပြန် စာကျက်ကြ။

အဲသည်တုန်းက ထမင်းချိုင့်ကို ရှက်ပြုံးလေးဖြင့် တစ်လှည့်စီ ဆွဲခဲ့ကြသည့် ဆေးကျောင်းသားတွေ၊ သူငယ်ချင်းတွေ ခုတော့ တစ်နေရာစီ ရောက်ကုန်ကြပြီ။ မြင်းခြံသား သောင်းတင်က အမေရိကားမှာတဲ့။ နေဝင်းရှိန်က ဓာတ်မှန်ဆရာဝန်ကြီးအဖြစ် မြစ်ကြီးနားမှာ။ စိန်လင်းက ချင်းပြည်နယ်ဘက်မှာ မြို့နယ်ဆရာဝန်ကြီးတဲ့။ မောင်မောင်ထူးက အရေပြားဆရာဝန်ကြီးအဖြစ် ပခုက္ကူမှာ။

အဆောင်ထမင်းဟင်းအကြောင်း ပြောလျှင် သူငယ်ချင်းစိုးမြင့်သန်း၏ ငါးပိရည်ကျို အိုးလေးကိုလည်း မေ့ချန်ထားလို့ မဖြစ်။ တကယ်တော့ ကျွန်တော်တို့ ဆေးတက္ကသိုလ် အောင်ဆန်းဆောင်သည် အခြားတက္ကသိုလ်အဆောင်များနှင့်စာလျှင် ထမင်းဟင်းကောင်းပါသည်။ အဆောင်ဒင်နာတွေ ဘာတွေမလုပ်ဘဲ ခွဲတမ်းအားလုံး စားဖိုဆောင်မှာပဲ သုံးပါသည်။ သို့သော် ငါးနှစ် ခြောက်နှစ် ဒီဟင်း ဒီဟင်းတွေပဲ အချိန်ဇယားကြီးဖြင့် စားနေရသောအခါ ငြီးငွေ့လာစမြဲ မဟုတ်လား။ တောင်ငူသား စိုးမြင့်သန်းက ရေကျိုငါးပိကို မြေအိုးကလေးဖြင့် အမြဲကျိုထားသည်။ ထမင်းစားပွဲမှာ ငရုတ်သီးမှုန့် ရဲနေအောင် ဖြူးထားသည့် သူ့ငါးပိရည်အိုး အငွေ့တထောင်းထောင်းလေးပါလျှင် ထမင်းမြိန်လှတော့၏။ သည်ကောင်ကြီးနှင့် မတွေ့ရတာ ကြာပြီ။ ပဲခူးမှာ ဆေးခန်းဖွင့်နေသတဲ့။ သူ့စာတွေတော့ မဂ္ဂဇင်းတွေမှာ တွေ့နေရသည်။ သူက 'အောင်ထိပ်' ဟူသော ကလောင်နာမည်ဖြင့် ဝတ္ထုတိုတွေ၊ ဘာသာပြန်တွေ ရေးနေသည်။

"တို့ ဘဲကင်စားနေရင်းနဲ့ သူ့ငါးပိရည်အိုးလေး သတိရနေတယ်ဆိုတာ စိုးမြင့်သန်းကြီးကို ပြောချင်လိုက်တာကွာ" ကျွန်တော်

mgyoe.com

mgyoe.com


က ပြောတော့ ကျော်ကျော်စိုးက ခေါင်းညိတ်ပြီး "ဒီကောင် စာရေးဆရာဖြစ်မှ သူ့ငါးပိရည်အိုးလေးအကြောင်း မရေးသေးဘူးနော်"

"ဟော့မင်းတို့ စာရူးပေရူးတွေ ကဗျာစာအုပ်ထုတ်လို့ ပြဿနာတက်တာ 3rd MB မဟုတ်လား"

ခင်မောင်အေးက အစဖော်သဖြင့် ကျွန်တော်တို့ စကားလမ်းကြောင်းက 3rd MB သို့ ရောက်သွားပြန်သည်။

"အေး ဟုတ်တယ်။ ငါရယ်၊ စိုးဝင်းရယ်၊ တင်မောင်ညွန့်ရယ် သုံးယောက်ပေါင်းထုတ်တဲ့ စာအုပ်လေးကွ" ကျော်ကျော်စိုးက ဖြေသည်။ သူက ဘီယာပုလင်းကို အကုန်ငှဲ့ထည့်ရင်း ထိုအကြောင်းကို စားမြုံ့ပြန်ဖို့ လည်ချောင်းရှင်းလိုက်၏။ ထိုစဉ်ခိုက်မှာပဲ ခင်မောင်အေး ခါးကြားမှ ဆယ်လူလာဖုန်းက မြည်လာသဖြင့် စကားပြတ်သွားသည်။ ခင်မောင်အေးက တစ်ခွန်းနှစ်ခွန်းပြောပြီး "ကွန်ပျူတာ အပိုပစ္စည်းဆိုင်က လှမ်းခေါ်တာကွ။ မင်းတို့ နေရစ်မလား၊ လိုက်ခဲ့မလား"

"ဟော့ကောင် မင်းက မန္တလေးကို ဆရာကန်တော့ဖို့၊ သူငယ်ချင်းတွေနဲ့ တွေ့ဖို့ လာတာလား။ မင်းအိမ်က ကိစ္စဝိစ္စတွေလုပ်ဖို့ လာတာလား"

ခင်မောင်အေးက သူ့စတိုင်အတိုင်း တဟဲဟဲ ရယ်နေသည်။ ဒီကောင်က နတ်မောက်က လာရတာ။ မန္တလေးကို တစ်နှစ် တစ်ခေါက်သာ ရောက်တာဆိုတော့ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတွေ ပါပေမည်။ ခုလည်း သူ့ကလေးတွေ ကွန်ပျူတာသင်ဖို့ကိစ္စ အလုပ်ရှုပ်နေခြင်းဖြစ်၏။

ကျွန်တော်တို့လည်း ဘီယာဝိုင်းကို လက်စသတ်ပြီး တည်းခိုနေရာ တိမ်ဖြူဟိုတယ်သို့ ပြန်လာခဲ့ကြသည်။ ခင်မောင်အေးက

mgyoe.com

mgyoe.com


ကျွန်တော်တို့နှစ်ယောက်ကိုထားပြီး သူ့ကားလေးဖြင့် ထွက်သွားသည်။

* * *

မန္တလေးနွေဟာ ပူလွန်းလှသတဲ့။ မန္တလေးသားတစ်ပိုင်းဖြစ်နေသည့် အမရပူရသား ကျွန်တော်ကတော့ မန္တလေးနွေကို ချစ်ပါသည်။ နေရောင်စူးစူးရဲရဲ တောက်ပနေပုံ၊ မည်းပြောင်သည့် ကတ္တရာလမ်းမှာ တံလျှပ်တွေ တလက်လက် ထနေပုံ၊ တောင်လေအဝှေ့မှာ ကုက္ကိုရွက်ခြောက်တွေ တရှဲရှဲ လွင့်မျောနေကြပုံ၊ ဟိုးမျက်စိတစ်ဆုံးလောက်က လမ်းထောင့်မှာ မန်ကျည်းဖျော်ရည် အထမ်းသမားလေး အမောဖြေနားနေပုံ၊ မလှမ်းမကမ်းမှ ကိုရင်လေး ၂ ပါး သင်္ကန်းတလွင့်လွင့်ဖြင့် လမ်းဖြတ်ကူးနေပုံ။ အားလုံးကို အဝါခြောက်ရောင် စုတ်ချက်ပါးပါးလေးဖြင့် နေသားတကျ ထည့်သွင်းရေးဆွဲထားသည့် ပန်းချီကားတစ်ချပ် ကျွန်တော့်မျက်ဝန်းထဲ သိမ်းဆည်းထားပါသည်။

လောလောဆယ်မှာတော့ ကျွန်တော်တို့မှာ နွေပန်းချီကားကို ဂရုမထားနိုင်။ ပါမောက္ခချုပ်ဆရာကြီး ဦးဖေသိန်းနှင့် OGမှ ဒေါက်တာဦးကိုကိုလေးတို့ ဆုံးမသြဝါဒပေးမည့် ရုံးခန်းပေါက်မှာ စောင့်နေကြရပါသည်။ ကျောင်းပိတ်ချိန်မို့ ဆေးတက္ကသိုလ်တစ်ခုလုံး တိတ်ဆိတ်ခြောက်ကပ်နေသည်။ 'ဝင်းသီတာ' လက်ဖက်ရည်ဆိုင်ဘက်ဆီမှ ဗစ်တာခင်ညို၏ 'နွေသာဆို ရင်မှာပြာ' ဟူသော သီချင်းသံက ဘတ်စ်ကားသံတွေကြားထဲမှာ တိုးလိုက် ကျယ်လိုက်။

တတိယနှစ် MB နွေကျောင်းပိတ်ခါနီးကလေးမှာ ကျွန်တော်ရယ်၊ တင်မောင်ညွှန့်ရယ်၊ ကျော်ကျော်စိုးရယ် သူငယ်ချင်းသုံးယောက်ပေါင်းပြီး 'စိန်ပန်းပွင့်နီများကို ရှိုက်နမ်းခြင်း' ဟူသည့် ကဗျာစာအုပ်

mgyoe.com

mgyoe.com


ကလေး ထုတ်ခဲ့ကြသည်။ မန္တလေးသား တင်မောင်ညွန့်က ကလောင်နာမည် 'ကျော်စွာထက်'၊ မုံရွာသား ကျော်ကျော်စိုးက 'ဘဇော်မိုး'၊ ကျွန်တော်က 'ဂျီဇော်'။ 'စွာ' တွေ၊ 'ထက်' တွေ၊ 'ဇော်' တွေ ကလောင်နာမည်ယူပြီး ခပ်ကြမ်းကြမ်း ခပ်စူးစူး ကဗျာတွေကို လူကြီးတွေ အသိမပေးဘဲ ထုတ်သည်ဆိုတော့ ပြဿနာတက်ပြီပေါ့။ မုန့်ဖိုးထဲက စုပြီး စာရွက်တွေ၊ မင်တွေဝယ်။ သူငယ်ချင်း တင်မောင်ညွန့်ကိုယ်တိုင် အပင်ပန်းခံကာ လက်ရေးဖြင့် ရေးပြီး ဝက်စ်ဖြင့် လိုမ့်ခဲ့ရသည့် ကဗျာစာအုပ်ကလေးတွေ ဖြန့်ဝေခွင့်မရလိုက်။ လူကြီးတွေက အမြော်အမြင်ရှိစွာ သိမ်းပြီး အခု ကျွန်တော်တို့သုံးယောက်ကို ဆုံးမ ဩဝါဒပေးဖို့ ဆင့်ခေါ်ထားခြင်း ဖြစ်၏။

"အဲဒီကတည်းက မင်းလည်း ကဗျာ မရေးတော့တာနော်" ကျွန်တော်က ပြောတော့ ကျော်ကျော်စိုးက "အေးကွာ" ဟု လေးလေးကြီး ဖြေသည်။ ကျွန်တော်တို့နှစ်ယောက် တိမ်ဖြူဟိုတယ်မှာ ခုတင်ဘေးချင်း ယှဉ်အိပ်ရင်း အတိတ်ကို စားမြုံ့ပြန်ကြပြန်သည်။

ကျွန်တော်တို့ ၁၉၇၆ ဆေးကျောင်းဝင်သည့် Batch မှာ ကဗျာစာအနုပညာ ဝါသနာပါသူတွေ တော်တော်များသည်။ ခင်မောင်အေး ပြောသလို စာရူးပေရူးတွေပေါ့။ ကျောင်းနံရံကပ်စာစောင်၊ လက်ကမ်းစာစောင်၊ နှစ်လည်မဂ္ဂဇင်းတွေမှာ တက်တက်ကြွကြွ ရေးကြသည်။ မိန်းကလေးထဲက တင်တင်ဝင်းနှင့် ထားထား၊ ယောကျ်ားလေးထဲက ရွှေထွန်း၊ ယာကြီး၊ နည်ဝင်း၊ စိုးမြင့်သန်း၊ သောင်းတင်၊ ကျော်ကျော်စိုး၊ ဝင်းမြင့်ထွန်း၊ တင်မောင်ညွန့်၊ ကျွန်တော် အများကြီး ဖြစ်၏။ ဆရာဝန်ဖြစ်အောင် ဆေးပညာသင်ကြားပေးရင်း စာပေအနုပညာကို မြေတောင်မြှောက်ပေးခဲ့သည့် အမိတက္ကသိုလ်၏ ကျေးဇူးကား ကြီးမားလှပါ၏။ ယနေ့အချိန်မှာတော့ ဒေါက်တာတင်တင်ဝင်းက စာရေး

mgyoe.com

mgyoe.com


ဆရာမ 'ဂျူး' ဖြစ်နေပြီ။ ဒေါက်တာတင်မောင်ညွှန့်က စာရေးဆရာ 'ကျော်စွာထက်' ဖြစ်နေပြီ။ ဒေါက်တာနည်ဝင်းက 'ကြည်ဇော်ဝင်း'၊ ဒေါက်တာစိုးမြင့်သန်းက 'အောင်ထိပ်'၊ ဒေါက်တာသောင်းတင်က 'လူမျိုးနော်'၊ ဒေါက်တာထားထားက 'စုထား'၊ စာပေနယ်မှာ ကလောင်နာမည်ကိုယ်စီဖြင့် ရပ်တည်နေနိုင်ကြပြီ။

"တို့သုံးယောက် ထုတ်ခဲ့တဲ့ ကဗျာစာအုပ်ကလေး မင်းဆီမှာ ရှိသေးလား" ကျော်ကျော်စိုးက မေးသည်။

"မရှိတော့ဘူးကွ၊ နက်ဖြန်ကျမှ တင်မောင်ညွှန့်နဲ့တွေ့ရင် မေးကြည့်ရဦးမယ်"

နက်ဖြန်မှာ ကျွန်တော်တို့ Batch မှ ဆရာဝန်များက အငြိမ်းစားယူသွားကြသည့် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများကို စတုတ္ထအကြိမ်အဖြစ် ကန်တော့ကြမည်။ မန္တလေးမြို့ပေါ်မှ သူငယ်ချင်းဆရာဝန်များ၏ ငွေအား လူအား ဝါယမစိုက်ထုတ်မှုကြောင့် ဆရာကန်တော့ပွဲ လေးကြိမ်တိုင်ခဲ့ပြီ။ နေရာအနှံ့ ပြန့်ကျဲနေသည့် သူငယ်ချင်းတွေ တစ်နှစ်တစ်ခါတွေ့ဆုံရသည့်ပွဲလည်း ဖြစ်နေသည်။ အသက်အစိတ်ဝန်းကျင်က ခွဲခွာခဲ့ကြတာ ပြန်တွေ့တော့ အသက် ၄၅ ဝန်းကျင်တွေ။ ဆံပင်ဖြူဖြူ၊ ဗိုက်စူစူတွေနှင့် ငယ်ရုပ်တွေ မနည်းဖမ်းရပြီ။ သည်အထဲက သမားတော်ကြီးတွေ၊ ကထိကကြီးတွေ ဖြစ်တဲ့သူဖြစ်လို့။ မြေးချီနေရသူလည်း ပါသည်။ အကြောင်းကြောင်းကြောင့် တစ်ကြိမ်မျှ ရောက်မလာလို့ မတွေ့ရသည့် သူငယ်ချင်းတွေလည်း အများကြီး ကျန်သေး။

"ဒီနှစ် မင့်ဆုရိနှင်း လာမယ်တဲ့ကွ"

ရင်ထဲမှာ ဒိတ်ခနဲလိုလို ဖြစ်သွားသည်။ ဒီသတင်း အစောကြီးကတည်းက ကျွန်တော် သိပြီးသား။ ဆုရိနှင်းက သည်နှစ် သူလာ

mgyoe.com

mgyoe.com


ဖြစ်အောင်လာမည်ဟု 'ကုံကော်အထူးကုစင်တာ' ကို ဖုန်းဆက်သည့်အကြောင်း တင်တင်ဌေးက ကျွန်တော့်ကို ပြောထားသည်။ ခု ကျော်ကျော်စိုးက ထပ်ပြောတော့လည်း ရင်ထဲမှာ ဒိတ်ခနဲလိုလို။

ဩော်... မင့်ဆုရီနှင်းတဲ့လား။

* * *

တစ်ညလုံး၊ တစ်မနက်လုံး မိုးက တိတ်လိုက် ရွာလိုက်နှင့်။ နေ့လယ်ရောက်တော့ နေကျဲကျဲ ပူနေပြန်ပြီ။ နေကပူ၊ ရေငွေ့တွေက ပြန်နှင့် အိုက်ပြုတ်ပြုတ်ကြီး ဖြစ်နေသည်။ ဝါ့ဒ်ထဲမှာ ဂျူတီကုတ်ကြီးဝတ်ပြီး Long Case ဖြေရမည်ဆိုတော့ ချွေးသာနိုင်အောင် သုတ်ပေရော့။

အဆောင်က ထွက်လာတော့ ဘောလုံးကွင်းထဲမှာ ရေတွေ လျှံနေသည်။ မဖြတ်လို့လည်း မဖြစ်။ ဇီဇဝါဆောင်မှာ ဆုရီနှင်းကို ဝင်ခေါ်ရမည်။ သူရော ကျွန်တော်ပါ နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲကြီးမှ Medicine Long Case ဖြေရမည်ဖြစ်၏။ ဒီနောက်ဆုံးတစ်ခု အဆင်ချောသွားလျှင် အားလုံးပြီးပြီ၊ သက်မကြီးချနိုင်ပြီ။ ခြောက်နှစ်ခွဲ ခုနစ်နှစ်ရုန်းကန်ခဲ့ရသည့် ဆေးကျောင်းသားဘဝ နိဂုံးချုပ်ပါပြီ။

အဆောင်ရှေ့မှာ တော်တော်ကြာကြာ ရပ်စောင့်ပြီးမှ ဆုရီနှင်းထွက်လာသည်။ စာအုပ်တွေ တနင့်တပိုး ထည့်ထားသည့် လွယ်အိတ်ကြီးကို ပခုံးစောင်းအောင် လွယ်လျက် ဂျူတီကုတ်ကို ချိုင်းမှာညှပ်၊ လက်ထဲမှာလည်း စာရွက်တွေ တစ်ထပ်ကြီးနှင့် ရှုံ့ဖွက်လွတ်အောင်ချထားသည့် အုတ်ခဲတွေပေါ် ဒယီးဒယိုင် လျှောက်လာသည်။

"နင့်ကြည့်ရတာ မောလိုက်တာဟာ။ စာအုပ်တွေက ယူလာသေးတယ်။ ကြည့်ဖို့လည်း အချိန်မရတော့ပါဘူး။ ငါစောင့်နေတာ

mgyoe.com

mgyoe.com


ကို တော်တော်ကြာပြီ"

ကျွန်တော်က နာရီကိုမြှောက်ပြပြီး အပြစ်တင်လိုက်သည်။

"ဂုဏ်တော်ပုတီး တစ်ပတ်စိပ်လိုက်လို့ ကြာသွားတာဟ။ သန်းသန်းဦးတို့ ဆွေဦးလွင်တို့တောင် ငါ့ကို စိတ်မရှည်လို့ သွားကြပြီ"

"အရေးထဲမှ ပုတီးက စိပ်လိုက်သေး။ ဘာလဲ External Examiner နဲ့ မတွေ့ရအောင် ဆုတောင်းနေတာလား"

"အမလေး ငါက External ကို မကြောက်ဘူး၊ မာမီကြီးကို ပိုကြောက်တာဟ"

ယခု အငြိမ်းစား ဆေးပညာပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်ကို တပည့်ဆေးကျောင်းသား ဆရာဝန်များက 'မာမီကြီး' ဟု ခေါ်ကြသည်။ ထို့အတူ ပါမောက္ခ ဒေါ်မြင့်မြင့်အေးကို 'မာမီလေး'၊ ပါမောက္ခ ဦးထွန်းသင်ကို 'အဘ' စသည်ဖြင့် ခေါ်ကြသည်။

"ပေးပေး စာအုပ်တွေ ငါ့တစ်ဝက်ခွဲပေး။ နင့်ပုံက ကားလမ်းပေါ် ဟပ်ထိုးလဲကျတော့မယ့်ပုံပဲ"

ကျွန်တော်က သူ့လွယ်အိတ်ထဲမှ စာအုပ်တချို့ ခွဲယူလိုက်သည်။

"အေးဟာ ငါတော့ ဘယ်နေ့မူးလဲမလဲပဲ။ စာမေးပွဲပြီးမှ တဝကြီး အိပ်ပစ်ဦးမယ်"

ဆုရီနှင်းမျက်နှာက သိသိသာသာ ချောင်ကျနေသည်။ မျက်နှာချောင်ကျသွားတော့ နှာတံမြင့်မြင့် နှာခေါင်းချွန်ချွန်ကလေးက ပိုပြီးပေါ်လွင်နေ၏။ ထိုနှာခေါင်းချွန်ချွန်ကလေးပေါ်မှာ ချွေးဥလေးတွေ သီးနေသည်။ ဆုရီနှင်း တစ်ကိုယ်လုံး ကျွန်တော်အချစ်ဆုံးမှာ ထိုနှာခေါင်းချွန်ချွန်လေး ဖြစ်၏။ သူစိတ်လှုပ်ရှားလျှင်၊ စိတ်အိုက်လျှင် ပထမဆုံး နှာခေါင်းချွန်ချွန်လေးမှာ ချွေးသီးလေးတွေ ဥလာမည်။

mgyoe.com

mgyoe.com


ထိုအခါ လက်ကိုင်ပဝါဖြင့် ပွတ်မည်။ ချွေးစို့လိုက် ပွတ်လိုက်၊ ချွေးစို့လိုက် ပွတ်လိုက်နှင့် နှာခေါင်းလေး နီရဲလာတတ်စမြဲတည်း။ ခုလည်း စာမေးပွဲခန်းထဲမှာ သူ့နှာခေါင်းလေးကို လက်ကိုင်ပဝါဖြင့် ဘယ်လောက်ပွတ်နေဦးမည်လဲ မသိ။

"ဟော့ကောင် ငြိမ်လှချည်လား။ ဆုရှိနှင်းဆိုတာနဲ့ စကားတောင် မပြောနိုင်တော့ဘူး"

ကျော်ကျော်စိုးပြောမှ ကျွန်တော့်အတွေးတွေ ရပ်တန့်ပြီး သတိသမ္ပဇဉ်က ပစ္စုပ္ပန်ပေါ် ရောက်လာသည်။ ခုတင်ပေါ်မှ ဆက်တီသို့ ပြောင်းထိုင်ပြီး စီးကရက်ကို မီးညှိလိုက်သည်။

"မင်းနဲ့ ဆုရှိနှင်းနဲ့ ရည်းစားမဖြစ်ခဲ့ဘူးဆိုတာ ငါဖြင့် ယုံတောင် မယုံဘူးကွာ"

"ဟဲ ဟဲ ချစ်တိုင်းလည်း ရည်းစားမဖြစ်၊ ရည်းစားဖြစ်တိုင်းလည်း မချစ်ကွ" ကျွန်တော်က ရယ်စရာ လုပ်ပစ်လိုက်သည်။

"အေးလေး ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ကွာ" ဟု ပြောကာ ကျော်ကျော်စိုးက မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်သည်။ ကျွန်တော်က စီးကရက်မီးခိုးတွေကို ခေါင်းမော့မှုတ်ထုတ်နေလိုက်၏။

"သူ့ဇာတိက ဘာ ရွှေညောင်လား၊ ညောင်ရွှေလား။ မင်းလိုက်သွားသေးတယ် မဟုတ်လား"

"သူက အင်းလေးသူကွ။ အင်းထဲက သူတို့ရွာက ဟဲယားရွာမတဲ့။ ဖောင်တော်ဦးဘုရားနဲ့ သိပ်မဝေးဘူး။ ဟောက်ဆာဂျင် ဆင်းတော့ သူက စဝ်စံထွန်းမှာ၊ ငါက မန္တလေးမှာ။ အဲသည်တုန်းက တစ်ခေါက်လိုက်သွားဖူးတယ်"

"သြော် အင်းလေးကကိုး။ ငါတော့ မရောက်ဖူးပါဘူးကွာ။ ဓာတ်ပုံတွေ၊ တီဗွီတွေထဲ ကြည့်ရတာတော့ တော်တော်သာယာတာ

mgyoe.com

mgyoe.com


ပဲ" ကျော်ကျော်စိုးက စီးကရက်ကို မီးညှိပြီး ရေချိုးသန့်စင်ခန်းထဲ ဝင်သွားသည်။ ကျွန်တော်က အပေါ်အင်္ကျီချွတ်ပြီး ခုတင်ပေါ် ပြန်လှဲနေလိုက်သည်။

* * *

"ဂျေ လှော်မလား။ လှော်ကြည့်မလား"

ဆုရီနှင်းက ကျွန်တော့်ကို လှေလှော်ကြည့်မလားဟု မေးသည်။ နံနက်အစောကြီး ရှိသေးသော်လည်း အင်းလေးရေပြင်မှာ လှေကြီးကြီးသေးသေးတွေ ဥဒဟိုတွေ့နေရပြီ။ သည်နေ့ ဖောင်တော်ဦးဘုရားဈေးနေ့တဲ့။ ဆုရီနှင်းတို့အိမ်မှ ဖောင်တော်ဦးဘုရားသို့ လှေလှော်သွားလျှင် တစ်နာရီလောက်ပဲ ကြာမည်။ ကျွန်တော်နှင့် ဆုရီနှင်းနှစ်ယောက်တည်း လှေငယ်လေးဖြင့် ထွက်လာကြခြင်း ဖြစ်၏။

အင်းခမောက်လေးတွေ ဆောင်းလာကြသော်လည်း နေက မပြူ့တပြူ့။ ကျွန်တော်က လှေဦးထိပ်မှာ နောက်လှည့်ပြီး ထိုင်သည်။ ဆုရီနှင်းက လှေပဲ့မှာထိုင်ပြီး လှေကို ကျွမ်းကျွမ်းကျင်ကျင် လှော်နေသည်။

"ပဲ့မကိုင်တတ်ပါဘူး 'ကေ' ရာ။ 'ကေ' မောလာရင် ရှေ့ကကူလှော်ပေးမယ်လေ။ ခုတော့ ကြည့်လို့မဝသေးလို့"

"ဂျေ... ကွာ... အပိုတွေ"

(ကျွန်တော်တို့နှစ်ယောက်တည်း စကားပြောသည့်အခါ စိတ်နှလုံးညှို့သက်လာသည့်အခါမျိုးတွင် ဆုရီနှင်းက ကျွန်တော့်ကို 'ဂျေ' ဟု ခေါ်တတ်သလို ကျွန်တော်က သူ့ကို 'ကေ' ဟု ပြန်ခေါ်လေ့ရှိသည်။)

'ကေ' က သူ့နှာခေါင်းလေးကို လက်ကိုင်ပဝါဖြင့် ပွတ်နေပြန်

mgyoe.com

mgyoe.com


၏။ ခမောက်ကို ချွတ်ပြီး လေ့ပေါ် ချထားရင်း "ခမောက်ချွတ်ထားပါ လား။ နေမှ မပူသေးတာ"

ကျွန်တော်လည်း ကေခိုင်းသလို ခမောက်ကိုချွတ်ပြီး ချထား လိုက်ပါသည်။ ခုမှ ကေ့မျက်နှာကို အပြည့်အဝ မြင်ရသည်။ ကေက နှုတ်ခမ်းပါးပါးကို အမြဲတင်းတင်းစေ့ထားတတ်တော့ ရှုတည်တည် ကြီးလို ဖြစ်နေတတ်၏။ ပြုံးလိုက် ရယ်လိုက်လျှင်တော့ နှာခေါင်း ချွန်ချွန်ကလေးလိုပဲ သွားချွန်ချွန်ကလေးတွေ ပေါ်လာကာ ကလေး လေးလို ချစ်စရာကောင်းသွားတော့၏။

"ကေ နင်က ခပ်တည်တည်နေရင် အရုပ်ဆိုးတယ်ဟ၊ ရယ် နေမှ တော်သေးတယ်"ဟု ကျွန်တော်က သူမခံချင်အောင် စဖူးသည်။

"ဒါဆို ငါ့ကို လူရွှင်တော်တစ်ယောက်ယောက်နဲ့ ပေးစားပါ လား" ဟု သူကလည်း ပြန်ပက်သည်။ ကျွန်တော်နှင့်ဆိုလျှင်တော့ ကေက ပြုံးပျော်ရယ်မောနေတာ များပါသည်။

"ဂျေ အင်းထဲမှာ ပျော်လားဟင်" ကေက ကျွန်တော့်ကို ရွှန်းရွှန်း စားစားကြည့်ပြီး မေးသည်။

"ခဏတစ်ဖြုတ်ဆိုရင်တော့ ပျော်ပါတယ် ကေရာ။ အမြဲနေရရင် တော့ ပျင်းမှာပဲ"

ကျွန်တော် လွတ်ခနဲ ဖြေလိုက်မိသည်။ ကေ့မျက်နှာ တွေခနဲ ဖြစ်သွား၏။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်၊ နှာခေါင်းကို လက်ခုံကလေးဖြင့် ပွတ်ရင်း–

"မေးသာ မေးရတာပါ ဂျေ မနေနိုင်ဘူးဆိုတာ သိပါတယ်" ကေ မျက်နှာမကောင်း။ သူ့အသံက တိုးတိုးညင်ညင်လေး ဖြစ်နေ သည်။ ကျွန်တော် ဘယ်လိုနှစ်သိမ့်ရပါ့။

"ကလင် ကလင် ကလင်"

mgyoe.com

mgyoe.com


ခေါင်းရင်းရှိ တယ်လီဖုန်းက ထမြည်သည်။ တိမ်ဖြူဟိုတယ်ကောင်တာမှ ဖုန်းလှမ်းခေါ်ခြင်း ဖြစ်၏။ ခင်မောင်အေး ပြန်ရောက်လာပြီပဲ။

"ဟော့ကောင်တွေ ဆင်းခဲ့ကြတော့။ အောက်မှာ လူစုံနေပြီ။ မျိုးတင့်ရော၊ ယာကြီးရော၊ ဗှာရင်ရော ရောက်နေပြီ။ ဝင်းအောင်နဲ့ ကျော်တင့်ကို ကုံကော်မှာ ဝင်ခေါ်ရမယ်။ တစ်နေရာရာ ချီတက်ကြမယ်"

"အင်အားအပြည့်ပဲဟေ့" ကျော်ကျော်စိုးက ရှိခနဲ လေတစ်ချက်ချွန်ရင်း အပေါ်အင်္ကျီ ကောက်ဝတ်သည်။ နက်ဖြန် ဒင်နာအကြို ဒီနေ့ပဲ ပွဲလေးတစ်ပွဲ ဖြစ်တော့မည်။

"မင်းမျက်စိ ကောင်းသွားပြီလား" အောက်ထပ်ပါလာခန်းထဲရောက်တော့ သူငယ်ချင်းယာကြီးက လှမ်းမေးသည်။ မနှစ်က ကျွန်တော့်မျက်စိအထူးကုနှင့် ပြရတာကို မေးခြင်းဖြစ်၏။

"အေးကွ တော်တော်လေး ကောင်းလာပြီ။ ဆေးတော့ စားနေရတုန်းပဲ"

"ရုပ်နာမ်ဆိုတဲ့ ခန္ဓာကြီး ရထားမှတော့ ရောဂါရမှာပဲ။ ရုပ်ဟာရောဂါ၊ ရောဂါဟာ ရုပ်ကွ" ကျော်ကျော်စိုးက အရွှန်းဖောက်သည်။

"ဟော့ကောင် စားခါနီး သောက်ခါနီး တရားစကားတွေ ရွတ်မနေနဲ့"

တံတားဦးသားမျိုးတင့်က လှမ်းဟောက်ပြီး တဟဲဟဲ ရယ်နေသည်။ ပြီး ကျွန်တော့်ဘက်လှည့်ကာ "စိုးဝင်း၊ ငါဘော်ဒါကိစ္စ စုံစမ်းနေတယ်နော်" ဟု ပြောရာ ကျွန်တော့်မှာ ရုတ်တရက် သူ ဘာဆိုလိုမှန်း မသိ၊ အင်အယ်နှင့် ဖြစ်နေ၏။ "မင်းသားတော်မောင် ကျူရှင်ပို့ချင်လို့ဆို၊ ငါ့ကို စုံစမ်းခိုင်းထားတာလေ။ မသောက်ရသေးဘူး

mgyoe.com

mgyoe.com


ကြောင်နေပြီ"

"ကြောင်မှာပေါ့၊ ဒီကောင်က ခုမှအတိတ်ခရီးက ပြန်လာတာကွ။ ခုနကများ ခုတင်ပေါ်မှာ ပက်လက်ကြီး သားမေ့ မယားမေ့"


"သနားတယ် သနားတယ်" တဟေးဟေး တဟားဟားဖြင့် တိမ်ဖြူမှ ထွက်လာခဲ့ကြသည်။ ကျွန်တော်လည်း ခုမှ ပစ္စုပ္ပန်မှာ ပြန်ပြီး ပျော်ဝင်သွားတော့၏။

အတိတ်ဆိုတာ စိတ်အခန့်သင့်မှ သွားလို့ရသည့်ခရီး မဟုတ်လား။

အလွမ်းတက္ကသိုလ် ပန်းတက္ကသိုလ်စာအုပ်၊ ၂၀၀၇

❑

mgyoe.com



mgyoe.com

mgyoe.com